## ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ ရန်ကုန်မြို့တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကျင်းပြုလုပ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အကြံပြု ဆွေးနွေးပွဲ အနှစ်ချုပ်

၂၀၁၄ ခုနှစ်ဇူလိုင်လ ၂ ရက်နေ့တွင် ကမ္ဘာ့ဘဏ်အုပ်စု မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမူဘောင်ဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ စနစ်တကျလေ့လာဆန်းစစ်မှု (Systematic Country Diagnostic) မှ ထွက်ပေါ်လာသည့် ဦးစားပေး ကဏ္ဍများကို တင်ပြနိုင်ရန်အတွက် လည်းကောင်း ရန်ကုန်မြို့တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့် အကြံပြုဆွေးနွေးပွဲ တစ်ရပ်ပြုလုပ်ခဲ့သည်။ တက်ရောက်လာကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အမည်စာရင်း များအား ပူးတွဲ ဖော်ပြအပ်ပါသည်။

အကြံပြုဆွေးနွေးမှုများမှရရှိလာသော ဆွေးနွေးမှုများနှင့် အကြံပြုချက်များ၏အနှစ်ချုပ်အား ကဏ္ဍကြီး (၇)ရပ် အဖြစ်ခွဲ၍ စုစည်းဖော်ပြအပ်ပါသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏အထွေထွေလုပ်ဆောင်ချက်များ၊ ပြည်သူ့ဝန်ဆောင်မှု ကဏ္ဍ စွမ်းဆောင်ရည်တိုးတက်အောင်ဆောင်ရွက်ခြင်း ၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာကဏ္ဍ စီမံအုပ်ချုပ်မှုကို တိုးတက်အောင်ပြုလုပ်ခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ ပညာရေး၊ကျန်းမာရေး၊ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး။

### ကမ္ဘာ့ဘဏ်အုပ်စု၏အထွေထွေလုပ်ဆောင်ချက်များ

- ကမ္ဘာ့ဘဏ်အုပ်စုသည် အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတို့၏ ယခင်ကာလက လျစ်လျူရှုထားခဲ့သော ဒေသများတွင် စီမံကိန်းများပြုလုပ်သင့်သည်။ ဥပမာ ချင်းပြည်နယ်။
- ဦးစားပေးလုပ်ဆောင်ရမည့် ဒေသများကို မြေပုံရေးဆွဲနိုင်ရန် အစီရင်ခံစာတစ်ခုကို ကမ္ဘာ့ဘဏ်အုပ်စုမှ လုပ်ဆောင်သင့်သည်။ သို့မှသာ မည်သည့်အဖွဲ့က မည်သည့်ဒေသများတွင် မည်သည့် စီမံကိန်းများ လုပ်ဆောင်နေသည်ကိုလည်း မှတ်သားနိုင်ပေမည်။
- အစိုးရတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုသည် အလွန်အရေးကြီးသည်။ အောက်ခြေအဆင့်တွင် လှုပ်ရှားနေကြသော NGO များသည်လည်း အစိုးရအလုပ်များလုပ်ဆောင်ရန် အတွက်ငွေကြေးအမြောက်အများ ရရှိနေကြသည်။ ဘဏ္ဍာရေးနှင့်ပတ်သက်၍ တာဝန်ခံနိုင်မှုရှိရန် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အရေးကြီးသည်။

### ပြည်သူ့ဝန်ဆောင်မှုကဏ္ဍစွမ်းဆောင်ရည်တိုးတက်အောင်ဆောင်ရွက်ခြင်း

- မြန်မာအစိုးရအနေဖြင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်၍ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုသင်တန်းများ အရေး တကြီး လိုအပ်နေပါသည်။
- အစိုးရ၏ အမြတ်ခွန်နှင့် အခွန်စီမံခြင်းစွမ်းရည်သည် အလွန်အားနည်းချက်ရှိသည်။ ရှေ့နေများနှင့် ဝန်ဆောင်မှုပေးသူများသည် အခွန်ရှောင်ရန်သင်ပေးကြသည်။ မြန်မာနိုင်ငံတွင် အလုပ်လုပ် နေကြသော နိုင်ငံခြားသားအများစုသည်လည်း အခွန်မပေးဆောင်ကြပေ။ ဤဖြစ်ရပ်များသည် ကဏ္ဍတော်တော်များများတွင် ဖြစ်ပျက်နေကြသည်။ ကမ္ဘာ့ဘဏ်အုပ်စုသည် အစိုးရနှင့်တိုက်ရိုက်ဆက်ဆံလျက်ရှိရာ ထိုကဲ့သို့မကောင်းသော ကျင့်ထုံးများရပ်တန့်သွားအောင်ဆောင်ရွက်သင့်သည်။

### ကျယ်ပြန့်သောစီးပွားရေးစနစ် Macro-Economic တည်ငြိမ်မှုရှိခြင်းနှင့် ပြည်သူ့ဘဏ္ဍာရေး

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့်ငွေကြေးမူဝါဒ၊ ငွေကြေး နှင့် ပြည်သူ့ဘဏ္ဍာရေးမူဝါဒများ ပေါ်ပေါက်လာ စေရန် ဆောင်ရွက် သင့်သည်။ Macro-Economic စနစ်ကို ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ သင်ခန်းစာယူနိုင်သည်။ ဗီယက်နမ်သည် စီးပွားရေးကိုလျင်မြန်စွာဖွင့်လှစ်ခဲ့သည်။ သို့သော်လည်း ဘဏ္ဍာရေး စီမံခန့်ခွဲမှု

စွမ်းဆောင်ရည် များကို တည်ဆောက်ခဲ့ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ကောင်းမွန်သော macro-economic စီမံမှု သို့မဟုတ် ငွေကြေးဈေးကွက်ကို ကောင်းစွာမတည်ဆောက်ခဲ့ပေ။ အကျိုးဆက်အနေဖြင့် ငွေကြေးဖောင်းပွမှုဒဏ်ကို ဆက်လက်ရင်ဆိုင် နေရသည်။

- လာအိုသည် စီးပွားရေးကိုသိပ်မဖွင့်ပေးပါ သို့သော် ယခုအခါတွင် အခြေခံပြည်သူ့ဘဏ္ဍာရေးကို ဖြေရှင်းရာတွင် ပြဿနာများစွာရင်ဆိုင်နေရသည်။ ၎င်းတို့သည် အမြတ်ခွန်များရရှိရန် ပိုမိုခန့်မှန်းခဲ့ကြပြီး အသုံးစားရိတ်များအတွက် နည်းပါးစွာခန့်မှန်းခဲ့သည်။ ထို့ကြောင့်ငွေကြေးပြတ်လတ်မှုကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ဘဏ်စနစ်များခိုင်မာမှုရှိရန်လိုအပ်သည်။
- အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သည် ငွေကြေးစနစ်တစ်ခုလုံးအား တိုးတက်ရန်နှင့် အကူအညီ ပေးရန် ကြီးမားသောစွမ်းအားမရှိပေ။ ဆယ်စုနှစ်ကျော်ကာလများက ကမ္ဘာ့ဘဏ်အုပ်စုနှင့် အခြား မိတ်ဖက်များသည် ဤပြဿနာများကိုအာရုံစိုက်လုပ်ဆောင်ခဲ့သည်။ သို့သော်လည်းမကြာသေးမီ ကာလကပင် ထိုကိစ္စရပ်များတွင်ပါဝင်ခြင်းမရှိတော့ပေ။ လာမည့် ၅ နှစ် ၁၀ နှစ်အတွင်း မြန်မာ့စီးပွားရေး တိုးတက် လာနိုင်ပြီး ဘဏ္ဍာရေးစနစ်အသက်ဝင်ရန် ပြည်တွင်းပြည်ပ ၂-ခုစလုံးတွင် ငွေပင်ငွေရင်းများ တိုးတက် အောင်ပြုလုပ်ရန်လိုသည်။ထိုအတွက် ကာလတို နှင့်ကာလရှည် ငွေကြေးဈေးကွက်များနှင့် ငွေကြေးမူဝါဒများ လိုအပ်သည်။ IMF သည်စနစ်တကျလေ့လာခြင်းများပြုလုပ်ပေးနိုင်ပြီး ယင်းစနစ်များဖွံ့ဖြိုးရေးအတွက် ငွေကြေးနှင့် တစိုက်မတ်မတ်ချည်းကပ် လုပ်ဆောင်မှုများလိုအပ်ပေမည်။ ကမ္ဘာ့ဘဏ်တွင် ယင်းအကူအညီများပေးရန် အားသာချက်များရှိမည်ဟုထင်ပါသည်။
- သဘာဝသယံဇာတများမှ ဝင်ရောက်လာသောငွေကြေးများသည် ပွင့်လင်းမြင်သာမှုရှိရန်အရေးကြီးပြီး ထိုငွေများကို လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင်း ရင်းနှီးမြှုပ်နှံသင့်သည်။

**ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး**

ဆင်းရဲမှုလျော့ချရန် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းတိုးတက်ရန်အရေးကြီးသည်သာမက ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုများတိုးတက်ရန်လည်းအရေးကြီးသည်။ အလှူရှင်များသည် Quick Win ဖြစ်ရန်အတွက် စိုက်ပျိုးရေးကိုသာအာရုံစိုက်လုပ်ဆောင်ကြသည်။ သို့သော် ထုတ်လုပ်ခြင်းနှင့်ဝန်ဆောင်မှုများမှာ ပိုမို၍ စိန်ခေါ်မှုများရှိပြီး ၎င်းတို့သည်ဆင်းရဲမှုလျော့ချရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက်အခြေခံ ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာကုမ္ပဏီများသည် FDIကို ဆန့်ကျင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ဝန်ဆောင်မှုများသည် နိုင်ငံခြားကုမ္ပဏီများထက် နိမ့်ကျနေခြင်းကြောင့် စီးပွားရေးလုပ်ငန်းများမှ ထွက်ခွာသွားရမည်ကိုစိုးရိမ်ကြသည်။ ပြည်ပ ကုမ္ပဏီများသည်ယခုကဲ့သို့ ဝန်ဆောင်မှုမဖွံ့ဖြိုးသေးသောဈေးကွက်အတွင်းသို့ ဝင်ရောက်လာပါက ပြည်တွင်းကုမ္ပဏီများ စီးပွားရေးလုပ်ငန်းမှထွက်ခွာသွားရမည့် အန္တရာယ်မပေါ်ပေါက်နိုင်ပေ။ ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ပကုမ္ပဏီများထံမှ အတွေ့အကြုံများကိုလေ့လာနိုင်ပြီး ၎င်းတို့၏ ဝန်ဆောင်မှုများကို ကောင်းမွန်လာစေရန် အလျင်အမြန်အကောင်အထည်ဖော်နိုင်ပေမည်။ ထို့ကြောင့်နှစ်ဦး နှစ်ဖက်အကျိုးခံစားခွင့်ရှိမည်ဖြစ်သည်။

- ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုများပေးခြင်း၏ အရေးပါမှုများကို ငြင်းခုံဆွေးနွေးမှုများနည်းပါးနေသည်။ မြန်မာသည် ထိုင်းနိုင်ငံနှင့်ဆင်တူသည်။ ခိုင်မာသောစိုက်ပျိုးရေး နှင့်သဘာဝသယံဇာတများရှိသည်။ သို့သော် ခိုင်မာသောထုတ်လုပ်မှုကဏ္ဍလည်းရှိရပေမည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးလျှင် အလုပ်သမားများ အလုပ် အကိုင် ရကြပေမည်။ အလုပ်သမားများအလုပ်လုပ်ရန်အတွက် နေရာလိုအပ်သည်။ စိုက်ပျိုးရေး အပြင် ခိုင်မာသောထုတ်လုပ်မှုများနှင့် ဝန်ဆောင်မှုများတည်ဆောက်ရန်အလွန်အရေးပါသည်။

- ကမ္ဘာ့ဘဏ်အုပ်စုနှင့်အခြားအဖွဲ့များကို ဥပဒေဆိုင်ရာပွင့်လင်းမြင်သာမှုကိုအာရုံစိုက်ရန် တွန်းအားပေးလိုသည်။ ဗီယက်နမ်နှင့် လာအို ကုန်သွယ်ရေးသဘောတူညီမှုများသည် ပြုပြင်ပြောင်းလဲမှုများစွာဖြစ်စေခဲ့သည်။ ဤဖြစ်စဉ်ကို ထောက်ပံ့ရန် မည်သည့်ပြောင်းလဲမှု သို့မဟုတ် အခွန်လျော့ချမှုများမလုပ်ခဲ့ပေ။ သို့သော်၎င်းတို့၏ ဥပဒေကိုပိုမိုကောင်းမွန်လာစေရန် လိုအပ်သော ဥပဒေအသစ်များနှင့် စည်းမျဉ်းများအား ယင်း ဥပဒေ

သက်ရောက်မှုမရှိခင် ရက် ၅၀အတွင်းထုတ်ဝေရသည်။ သို့မှသာ ပြည်သူများသည် ပြောင်းလဲမှုများ အတွက်ပြင်ဆင်နိုင်မည်ဖြစ်ပြီး ဥပဒေအသစ်ပြဌာန်းချိန်တွင် ဥပဒေအသစ်ကို လိုက်နာ နိုင်မည်လားဆိုသည်ကို သေချာ သိနိုင်မည်ဖြစ်သည်။ ဥပဒေများ နှင့် စည်းမျဥ်းများအားလုံးကို ရေးဆွဲရာတွင် လူထု၏ မှတ်ချက်များအားရယူရန် ရက် ၅၀ သတ်မှတ်ပေးခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ပုဂ္ဂလိက ကဏ္ဍ တိုးတက်ရေး အတွက် အလားတူပြုပြင်ပြောင်းလဲမှုများသည် အကျိုးရှိနိုင်မည်ဟု ထင်မြင်မိသည်။

- ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် ပြည်တွင်းစွမ်းဆောင်ရည်ကို တည်ဆောက်သင့်သည်။ ဆင်းရဲနွမ်းပါး မှုကိုအာရုံစိုက်လုပ်ဆောင်သည်မှာ ကောင်းမွန်သည်။ ၎င်းအပြင် တိုးတက်မှုကိုဆက်လက်အကျိုးပြုရန် လည်း လိုအပ်သည်။ ရင်းနှီးမြှုပ်နှံမှုများကြောင့် ဈေးကွက်မှာကြီးမားလာနေသည်။ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆို သော်လည်း ပြည်တွင်းကုမ္ပဏီများသည် ဝန်ဆောင်မှုကဏ္ဍတွင် စွမ်းဆောင်ရည်မြှင့်မားရန် အရေးတကြီး လိုအပ်နေသည်။ ဝင်ရောက်လာမည့် နိုင်ငံခြားဘဏ်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဝန်ဆောင်မှုပေးရန်အာရုံစိုက်ကြသည်။ သို့သော် ပြည်တွင်းစီးပွားရေးအတွက် အရင်းအနှီး ကုန်ကျငွေမှာ အလွန်အမင်းကြီးမြင့်နေသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် ပြည်တွင်းအခြေအနေ တစ်ပြေးညီဖြစ်အောင် အကူအညီပေးသင့်သည်။

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် အသေးစား အလတ်စားစီးပွားရေးကို စာချုပ်ချုပ်ဆိုခြင်း နှင့် အငြင်းပွားဖွယ် စီမံမှုပြဿနာများနှင့် ပတ်သက်၍ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ကူညီသင့်သည်။ ကုမ္ပဏီအများစုသည် နိုင်ငံတကာစာချုပ်များ၏ ဥပဒေမူဘောင်များကို လုံးဝသိရှိခြင်းမရှိပါ။ အသေးစား အလတ်စားစီးပွားရေး နှင့် လုပ်ကိုင်မည့် နိုင်ငံတကာမှ ကုမ္ပဏီများအနေဖြင့် အငြင်းပွားဖွယ်စီမံမှုယန္တရားကို စာချုပ်တွင်ထည့် ထားနိုင်ချေ ရှိပါသည်။ ပြည်တွင်းကုမ္ပဏီများသည် ၎င်းစာချုပ်ကိုချုပ်ဆိုသောအခါ စာချုပ်နှင့်ပတ်သက်သော အကြောင်းအရာများအား နားမလည်နိုင်ပေ။ အငြင်းပွားဖွယ်များပေါ်ပေါက်လာပါကလည်း ဖြေရှင်းရန် စွမ်းရည်မရှိပေ။ ၎င်းအခြေအနေသည် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ဆန့်ကျင်နေသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် ယင်းအခြေအနေများအားရပ်တန့်ရန် နိုင်ငံပေါင်းစုံနှင့် စေ့စပ်ပြီး SME ဖွံ့ဖြိုးရန်ကူညီနိုင်မည်လော။

- ပုဂ္ဂလိကကဏ္ဍ၊ အစိုးရနှင့် အကျိုးအမြတ်မယူသောအဖွဲ့များတွင် ပွင့်လင်းမြင်သာမှုရှိရေးအတွက် ဆောင်ရွက်နေသော အဖွဲ့များရှိသော်လည်း ကမ္ဘာ့ဘဏ်အနေဖြင့်ပွင့်လင်းမြင်သာမှုရှိရေးဆောင်ရွက်ရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ဘဏ်အုပ်စုသည် ကာလရှည်ရှိနေမည်ဖြစ်ပြီး ပွင့်လင်းမြင်သာ မှု သည် ကာလရှည်တွင်လုပ်ဆောင်ရမည့် အရာတစ်ခုဖြစ်သည်။

- ပြည်တွင်းစီးပွားရေးဟုဆိုလျှင် IFC ၊ နိုင်ငံတကာစံနှုန်းသွားရန်အမြဲကြိုးစားကြသည်။ သို့သော် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုတွင် SME များအတွက် ထိုလမ်းညွှန်ချက်များအား လိုက်နာရန်အလွန်ခက်ခဲသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် အစိုးရနှင့်ပူးပေါင်းအဖြေရှာပြီး မည်သို့သောအကူအညီများပေးလျှင်ဖြင့် ဝင်ရောက် လာမည့်နိုင်ငံတကာ ကုမ္ပဏီများနှင့်အလုပ်လုပ်နိုင်ရန် ပြည်တွင်း SMEများကို မြှင့်တင်ပေးနိုင်မည်ကို စဥ်းစားသင့်သည်။

- ပြည်တွင်းလုပ်ငန်းများ ရေရှည်တည်မြဲစေရန်မည်သို့ တည်ဆောက်သင့်ကြောင်းကို CPF က အာရုံ စိုက်သင့်သည်။

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုပြုရန် မြေယာဈေးကြီးမြင့်မှုများ သက်သာ စေရန် အကူအညီပေးသင့်သည်။

**စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

- စိုက်ပျိုးရေးအလားအလာများကို ပြည့်စုံကောင်းမွန်စွာအသုံးမချကြသေးပေ။ ကဏ္ဍမှာ့ဘက်အုပ်စုအနေဖြင့် ပုဂ္ဂလိကက***ဏ္ဍ***နှင့်ပူးပေါင်းပြီး ပို့ကုန်မှဂင်ငွေရရန်လုပ်ဆောင်သင့်သည်။

*ပညာရေး*

- အစိုးရနှင့် စီးပွာရေးကိုစီမံအုပ်ချုပ်နိုင်ရန် ပညာကောင်းကောင်းတတ်ကျွမ်းသော အစိုးရအရာရှိများ ထွက်ပေါ်လာစေရန် အဆင့်မြင့်ပညာရေးကို အကူအညီပေးရန်လိုအပ်သည်။ စီပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များ နှင့် စာရင်ကိုင်များ လိုအပ်နေပါသည်။ ပညာရေးစနစ်တိုးတက်ရန် ပါမောက္ခများအားသင်တန်းများကို အလျင်အမြန်တက်ရောက်စေရပါမည်။ သို့မှသာရင်းတို့သည် တက္ကသိုလ်သင်ရိုးများ ခေတ်နှင့်လျော်ညီစွာ မြှင့်တင်နိုင်ပေလိမ့်မည်။ ထိုကဲ့သို့ ထောက်ပံ့မှုများကိုယခင်က နိုင်ငံတကာအလှူရှင် များမှ ကူညီခဲ့သော်လည်း ယခုအခါတွင် အခြေခံပညာရေးကိုအာရုံစိုက်ကူညီမှုပြုနေသည်။ ထိုက*ဏ္ဍ*တွင် အကူအညီပေးနေသော အလှူရှင်များလွန်စွာရှားပါးနေပါသည်။ ကဏ္ဍမှာ့ဘက်အနေဖြင့် အကူအညီပေးရန် စဥ်းစားသင့်သည်။

**လျှပ်စစ်က*ဏ္ဍ***

- လျှပ်စစ်က***ဏ္ဍ***အားထောက်ပံ့ခြင်းသည် က***ဏ္ဍ***စုံဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံဖြစ်သည်။ အခြေခံအဆောက်အအုံများဖွံ့ဖြိုးလာစေရေးသည် အရေးအကြီးဆုံးဦးစားပေးဖြစ်ပြီး ထိုက***ဏ္ဍ အားအကောင်အထည်ဖော်ရန်က***ဏ္ဍမှာ့ဘက်အုပ်စုမှ ကျွမ်းကျင်သည်ဟုမြင်ပါသည်။ အစိုးရသည် ဤက***ဏ္ဍ တွင်လုံလောက်သောကျွမ်းကျင်မှုမရှိပါ။*** ကဏ္ဍမှာ့ဘက်အုပ်စုအနေဖြင့် စွမ်းအင်ထောက်ပံ့မှု ဆိုင်ရာမူဂါဒ၊ ကျောက်မီးသွေးအသုံးပြုမှု၊ EIA SIA လိုအပ်ချက်များနှင့် အန္တရာယ်လျော့ကျရေးကို မည်ကဲ့သို့ လုပ်ဆောင်မည်၊ အစိုးရကမည်သည့်တာဂန်ယူသင့်သည်၊ စွမ်းအင်ထုတ်လုပ်သူက မည်သည့် တာဂန်ယူသင့်သည် စသည့် စွမ်းအင်ဂယ်ယူမှု သဘောတူညီချက်များအား ကူညီဖော်ဆောင်ပေး သင့်သည်။

## တက်ရောက်လာသည့်ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏အမည်စာရင်း

| **စဉ်** | **အမည်** | **အဖွဲ့အစည်း** |
|---|---|---|
| 1 | Steve Parker | USAID-ERA |
| 2 | Amuci Pceer | Tata |
| 3 | Numna | Sprinkles |
| 4 | Htet Htet Aung | |
| 5 | U Tun Win | Supreme Group of Companies |
| 6 | U Ye Thaung Htut | Myanmar Marketing Research and Development |
| 7 | Martin Pun | MBCH |
| 8 | Hnin Ei Ei Ngwe | MiTA Myanmar |
| 9 | Thi Thi Thein | Myanmar Center for Responsible Business |
| 10 | Hang Za Thawn | Sustainable Development Initiatives |
| 11 | Belda Fael | Coca-Cola |
| 12 | Madhal Paul | MiTA Myanmar |
| 13 | Dr Vo Vo | Japfa |
| 14 | U Ken Tun | Parami  Energy |